ဘဘဇော်ကျေးရွာ

ရပ်ဘော့အုပ်စု၊ နောင်မွန်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း



စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ဘဘော့ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နောင်မွန်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ် လ ၊ ၂၀၂၁ ခုနှစ်

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ဘဘော့ကျေးရွာ သဘာဝသယံဇာတပြမြေပုံ



ရာသီခွင်ပပြကြုခဒိန်



ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်ရေးဆွဲခြင်း

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	ဩဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု												
အလုပ်အကိုင်	ဝင်းခွေ	တောင်ယာ ဆွတ်			လယ်တွန်	ကောက်ရိုက်	ကောက်ရိုက်	ကောက်ရိုက်	မြက်ရှင်း	မြက်ရှင်း	စပါးရိတ်	စပါးသိမ်း
သောက်သုံးရေ												
စိုက်ပျိုးရေ												
ရောဂါကျရောက်မှု(လူ)				နာစီး သောင်းဆိုး						နာစီး သောင်းဆိုး		
ရောဂါကျရောက်မှု (တိရာစ္ဆာန်)			ခွေးနာ ကျ									
သီးနှံပိုးမွှားကျရောက်မှု			ပြောင်းမူး ပိုးစား	ပြောင်းမူး ပိုးစား								
ပွဲတော်	နခ်သခ်ပွဲ	မင်္ဂလာ သောင်းပွဲ		ရှင်ပြန်တမြောက်ပွဲ						ကျေးကျေးတော် သီးမွှမ်းပွဲ		ခရစ်မတ်ပွဲ
သဘာဝဘေး						ရေကြီး			တောင်ပြိုး			
ဝင်ငွေ	ပုံမှန်	ပုံမှန်	ပုံမှန်	ပုံမှန်				ပုံမှန်	ပုံမှန်	ပုံမှန်		



ဘဘော့ကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပုံစံ

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျေးရွာသည် ကချင်ပြည်နယ်၊ ပူတာအိုခရိုင် ၊နောင်မွန်မြို့နယ်ရပ်ဘော့ကျေးရွာအုပ်စု၊ နောင်မွန် မြို့မှ (၂၀)မိုင်ခန့် ကွာဝေးပြီး ၊ နောင်မွန်မြို့၏ တောင်ဘက်မှစီးဆင်းလာသော ကဆန်ချောင်းနံဘေး မြောက်လတ္တီတွဒ် ၂၇˚ ၆၅’ မှ ၂၈˚ ၁၅’ နှင့် အရှေ့ လောင် ဂျီတွဒ် ၉၇˚ , ၀ မှ ၉၈˚ , ၀.၉’ တွင် တည်ရှိ သည်။ ပင်လယ်ပြင်မျက်နှာပြင်အထက် ၁၇၉၈’ တွင်တည်ရှိပြီး ဧရိယာစတုရန်းမိုင် (၃၀၂၁) တွင် တည်ရှိပြီး တောင်တန်းဒေသဖြစ်သောကြောင့် မိုးများသည့်ဒေသဖြစ်ကာ မိုးရေချိန် လက္ခ(၁၈၈)ခန့် တွင်တည်ရှိပါသည်။ မြေအမျိုးအစားမှာ သဲဆန်သောမြေအမျိုးအစာဖြစ်ပြီးရာသီဥတုမှာမိုး၊ဆောင်း ရာသီဥတု(၂)မျိုးသာရှိပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ (၁၈၈)ခန့် ရရှိသည်။ သဘာဝပေါက်ပင်များမှာ ဝါး၊ ညောင်ပင်၊ ငှက်ပျောနှင့်သဖန်း၊ စကားဝါ စသော အခြားသောသစ်ပင်အမျိုးအမည်မသိအပင်များစွာပေါက်ရောက်သည်။ မိုးစပါး သီးနှံစိုက်ပျိုးနိုင်သော လယ်(၄၅) ဧက၊ သခွား၊ ငရုတ်၊ ပြောင်းဖူး၊ ပီလောပီနံ၊ ကစွန်းဥ၊ ပိန်းဥ အာလူး ဆောင်သီးနှံ စိုက်ပျိုးနိုင်သော ဥယျာဉ်မြေ (၂၀)ဧက ရှိသည်။ ကျေးရွာတွင်နေစပါးစိုက်ပျိုးနိုင်ခြင်းမရှိပါ။ သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ ဆင်တုံးမန္တယ်၊နန္ဒင်းဝါ၊ ငရုပ်ကောင်း၊ ဝါး၊ ဂျာမနီပင်၊ အခြားအမျိုးအမည်မသိ သောဆေးဖက်ဝင်အပင် များရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးမပြုနိုင်ကြပါ။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်း အဖွဲ့ပေါင်း (၈) ဖွဲ့ရှိပြီး စီးပွါးရေးကို အခြေခံသောအဖွဲ့ ၁ ဖွဲ့၊ ပညာရေးကို အခြေခံသောအဖွဲ့(၂)ဖွဲ့၊ လူမှုရေးကို ခြေခံသောအဖွဲ့ ၂ ဖွဲ့နှင့် ဘာသာရေးကိုအခြေခံသောအဖွဲ့ ၃ ဖွဲ့ တို့ပါရှိသည်။ ၄င်းအဖွဲ့များကို သုံးသပ်ရာတွင် ကျေးရွာမှ မိမိတို့ကိုယ်တိုင် လိုအပ်ချက်အရ ဖွဲ့စည်းသောအဖွဲ့များသည် တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပြီး လူထုနှင့်လည်း အချင်းချင်း အပြန်အလှန်ယုံကြည်မှုရှိသည်။ လုပ်ငန်းလုပ်ဆောင်မှု ကောင်းမွန်ပြီး ကြာရှည်လည်း ရပ်တည်နိုင်ကြသည်။ ပြင်ပမှ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းခဲ့သော အဖွဲ့များရှိသော်လည်း တာဝန်ယူမှု တာဝန်ခံမှု၊ အပြန်အလှန်ယုံကြည်မှု အားနည်းသည်။ လုပ်ငန်းစွမ်းဆောင်မှုလည်း အားနည်းသည်။ ရေရှည်ရပ်တည်နိုင်မှု မရှိကြ ပါ။ သက်ဆိုင်ရာစီမံချက်လုပ်ငန်း အကောင်အထည်ဖော်ရုံ သဘောမျှသာ ဖွဲ့စည်းထားသည့် ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများအားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် ကျေးရွာကို ကောင်းစွာ ဦးဆောင်စီမံခန့်ခွဲနိုင်သော အဖွဲ့အစည်းစနစ်မရှိပါ။ ကျေးရွာအတွင်းအဖွဲ့အစည်းများစွာ ရှိသော်လည်း တဖွဲ့နှင့်တဖွဲ့ အခြေအနေကို မသိကြဘဲ အဖွဲ့အစည်း အချင်းချင်း ချိတ်ဆက်မှုလည်းမရှိ။ ချိတ်ဆက်မှုအားနည်းသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာ၏အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်း နှင့် သား၊ ငါး ရှာဖွေရောင်းဝယ်ရေးလုပ်ငန်း များဖြစ်သည်။ မိုးရာသီတွင် နှစ်စဉ် မိုး စပါးစိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါး၊ ပြောင်းဖူးနှင့် ဆောင်းသီးနှံ၊ ကျေးရွာတွင် လယ် ၄၅ ဧက၊ တောင်ယာမြေ ၀ ဧက၊သီးနှံစိုက်ခင်း ၂၀ ဧက ရှိသည်။ လယ်ယာမြေမှာ မြေဆီလွှာအရည်အသွေးအသင့်သင့်ရှိသော်လည်း ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။ စပါးတစ် ဧက အနည်းဆုံး တင်း (၃၅) မှ အများဆုံးတင်း (၆၀) ရှိပြီး ပျမ်းမျှ တစ်ဧက (၄၅)တင်းနှုံးထွက်သည်။ မိုးစပါးကို ဇွန်လ တွင် စတင်ပျိုးထောင်စိုက်ပျိုး ကြပြီး ဇူလိုင်လတွင်ကောက် စိုက်ကာ နိုဝင်ဘာလတွင် ရိတ်သိမ်းကြသည်။ပြောင်းဖူးကို ဧပြီ/မေလများတွင်စတင် စိုက်ပျိုးကြပြီး ဇွန်/ဇူလိုင် လများ တွင် ရိတ်သိမ်းကြသည်။

ပြောင်းဖူး ကိုစီးပွားအဖြစ်စိုက်ပျိုးခြင်းမလုပ်ဘဲ တစ်ပိုင်တစ်နိုင်အတွက်သာ စိုက်ပျိုးကြသည်။

ဟင်းသီးဟင်းရွက်များကို စီးပွားဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက်ပျိုးကြသည်။ သီးနှံများဈေးကွက်ရှိသော်လည်း မြေဆီလွှာများ စိုက်သလောက်မဖြစ်ထွန်းသောကြောင့် အကျိုးအမြတ်နည်းစွာရရှိကြသည်။ မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြား ဈေးကွက်ဝင်သီးနှံ ရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ သီးနှံထုတ်လုပ်မှုမှ ဝင်ငွေနည်းသည့် အတွက် လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။ အကျိုးဆက်အနေဖြင့် သီးနှံထုတ် လုပ်မှုတွင် လုပ်သား ရှားပါးလာပါသည်။

ကျေးရွာတွင် ၂၇ အိမ်ရှိပြီး တပိုင်တနိုင် စိုက်ပျိုးရေးနှင့် သား၊ ငါး ရှာဖွေရေးလုပ်ငန်းလုပ်ကိုင်ပြီး ဆင်းရဲစွာ အသက်မွေးဝမ်းကျောင်းပြုသော ကျေးရွာဖြစ်သည်။ ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်းစီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ ကျေးရွာတွင် နွား ၉ ကောင်၊ကျွဲ ၃၈ ကောင်၊ ဝက် ၂၅ ကောင် ၊ ကြက် ၃၉၆ ကောင်၊ ဆိတ် ၁၀ ကောင် မွေးမြူကြသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ထိရှိပြီး ကျောင်းသားဦးရေမှာ ၄၃ ဦးရှိသည်။ အလယ်တန်း ကျောင်းသားဦးရေမှာ ၂၇ ဦး၊ အထက်တန်းကျောင်းသားဦးရေ ၅ ဦး တက္ကသိုလ်တက်ဦးရေ ၀ ဦး ရှိပြီး အလယ်တန်းနှင့်အထက်တန်း ကျောင်းသူ/သားများမှာ ကျေးရွာမှ ၁၈ မိုင်ခန့် ဝေးသော ရပ်ဘော့(၁) အထက ခွဲကျောင်းသို့ တက်ရောက်ကြရသည်။

ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပါသည်။ နွေနှင့်ဆောင်းတွင် သွားလာရ အသင့်အတင့် အစဉ်ပြေသော်လည်း မိုးတွင်းအခါတွင် ရွှံ့ဗွက်လမ်း အသွင်ပြောင်း၍ သွားလာရ ခက်ခဲသော လမ်း ဖြစ်ပါမည်။ ရွာတွင်းလမ်းအရှည်မှာ ၁ မိုင်ခန့်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်ပြီး မြောက်ဘက်တွင် တဆယ်ထု၊မဂွေဇ ကျေးရွာတည်ရှိပြီး မိမိတို့ ကျေးရွာနှင့်(၁၇)မိုင်ခန့်တည်ရှိပြီး၊ တောင်ဘက်တွင် တည်ရှိသော အင်ကုန်ဘော့ကျေးရွာ နှင့် လည်း (၁)မိုင် ခန့်တွင် တည်ရှိပါသည်။ ကျောက်ခင်းလမ်း ဟုဆိုသော်လည်း မိုးများသောကြောင့် အချို့နေရာများတွင် ကျောက်တစ်ဝက် အချို့နေရာ များတွင် မြေသား တစ်ဝက်နှင့်လမ်း မကောင်းပါ။

ကျေးရွာတွင် အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် သွေးတိုးရောဂါဖြစ်သည်။ အခြားရောဂါများအနည်းငယ်ရှိသော်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲသည် ရပ်ဘော့(၁) ကျေးရွာတွင် တည်ရှိပြီး ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့အစည်းများဖြစ်သည့် (MAM) (World Concern) ပြင်ပ အသင်းများ ရှိခြင်းကြောင့် အချိန်မှီဆေးရုံ၊ဆေးပေးခန်းများသို့ ကူညီပို့ဆောင်ပေးနိုင်သဖြင့် အသက်ဆုံး ရှုံးမှုမရှိပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ စောင့်ရှောက်အဖွဲ့များ၏ ကျန်းမာရေးပညာရေး ဟောပြောမှုများကြောင့် ယခင်အိမ်သာမရှိသောအိမ်များပင် ယင်လုံအိမ်သာ(ရေလောင်းအိမ်သာ)များ အသုံးပြုနေကြပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးအနေဖြင့် အသေးစားဆိုလာစနစ်ကိုသာ အသုံးပြုကြသည်။ ဖယောင်းတိုင် ကိုလည်း အသုံးပြုကြသည်။ ဆိုလာစနစ်သုံးစွဲသူများမှာ ရာသီဥတုမကောင်းပါက အားမပြည့်ပါ။

ကျေးရွာ နှင့်အနီးဆုံးစျေးမှာ နောင်မွန်စျေးဖြစ်ပြီး ၂၀ မိုင်ခန့်ဝေးသည်။ ကျေးရွာမှထွက်သော စပါး၊အာလူး၊ပြောင်း၊သား၊ငါး စသော ကုန်စည်များများရောင်းမည်ဆိုပါက ကျေးရွာမှ မိုင်(၂၀)ကျော်ခန့် ကွာဝေးသော နောင်မွန်စျေးသို့ ဆိုင်ကယ်ဖြင့်သွားရောင်းရပါသည်။ ရောင်းချမည့်ကုန်စည်များ ပို့ဆောင်ရာတွင် လမ်းပန်း ဆက်သွယ်မှု မကောင်းခြင်းကြောင့် သွားလာရေးအခက်ခဲရှိပြီး လမ်းဆိုးမှုကြောင့် ဆိုင်ကယ်များ ပျက်စီး မှုများပြီး ကုန်ကျစရိတ်များပါသည်။ ထို့ကြောင့် စျေးကွက်သို့ ချောမွေ့စွာ ရောက်ရှိနိုင်ရန်အတွက် လမ်းကောင်းရန်လိုအပ်ခြင်းနှင့်ကျေးရွာနှင့် သိပ်မဝေးသောနေရာ၌ စျေးကွက်တစ်ခုရှိထားနိုင်ရန် လိုအပ်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင်ငွေကြေးချေးငွေဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်ပြီး ချေးငွေလုပ်ငန်းမရှိပါ။ ထို့ကြောင့် တောင်သူများနှင့် သင့်လျော်သောအတိုးနှုန်းသက်သာသည့် နှစ်ရှည်ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ ပံ့ပိုးပေးရန် လိုအပ်သည်။

(c) ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းအဆင့်ရှိပြီး မူလတန်းကျောင်းသားဦးရေမှာ ၄၃ ဦး ရှိသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှုမရှိသေးသဖြင့် ရပ်ရွာကျောင်းကော်မတီများ၊ မိဘဆရာအသင်း များမှ ကူညီပံ့ပိုးထားရှိသည်။ကျောင်းအိမ်သာအခြေအနေ အသင့်အတင့် ကောင်းမွန်သော်လည်း လုံလောက်မှုမရှိပါ။

မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ်မရှိပါ။ ကျောင်းသုံးစာအုပ်နှင့် စာရေးကရိယာ လုံလောက်မှုရှိသည်။ ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှုမှာ အသင့်အတင့်ရှိသည်။ ကျောင်းတွင် အားကစားကွင်းရှိသော်လည်း အားကစားပစ္စည်းလုံလောက်မှုမရှိပါ။ မိဘဆရာအသင်း၏ အခန်းကဏ္ဍ အသင့်အတင့်သာ ကောင်းသည်။

အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု သင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်း ပညာနိမ့်ကျဆဲဖြစ်ပြီး ၄င်းအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များမရှိပါ။

(စ) ကျန်းမာရေး

အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီး ဖြစ်ပွါးမှု နိမ့်သည်။ ဆင်းရဲသားများမှာ ခြင်ထောင်မသုံးစွဲနိုင်ခြင်း၊ ရေဝပ်ခြင်းနှင့် ခြုံပုတ်များရှိပြီး ခြင်ပေါသဖြင့် သွေးလွန်တုတ်ကွေး အဖြစ်များသည်။ ၄က်ဖျားရှိသော်လည်း ဖြစ်ပွါးမှုနိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါနှင့် လိင်မှ တဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ်ပွါးမှုနိမ့်သည်။ ဟင်း ချိုမှုန့် အလွန်အကျွံသုံးခြင်း၊ ခါတုဆေးဝါးပါသော အသားငါး၊ ဟင်းသီး/ရွက်နှင့် အသီးများ၊ အရောင်ချွတ်ဆေးပါသော အစားအစာများကို နေ့စဉ် မလွဲမရှောင်သာ စားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့် ဆီးချို၊ သွေးတိုး ရောဂါမှာ အဆိုးဆုံးဖြစ်ပွါးပြီး ကျန်းမာရေးဆေးကုသစရိတ် ကုန်ကျမှုများကြသည်။ အသည်းရောင်ရောဂါ (ဘီ၊စီ) မှာလည်း အသက် ရှူလမ်းကြောင်းမှတဆင့် ကူးစက်ခြင်းနှင့် လူအသုံးအဆောင်များကို ရောဂါရှိသူများနှင့်

အတူသုံးစွဲရာ မှတဆင့် အလွယ်တကူ ကူးစက်နိုင်သော ကြောင့် အသည်းရောင်ရောဂါ (ဘီစီ) အဖြစ်များသည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟုသုတလည်း အားနည်းသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေးအနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးလေ့ကျင့်ခန်း သုံးကရိယာများ လိုအပ်လျက်ရှိပြီး ကျေးရွာတွင် ကာကွယ်ဆေးများကို ပုံမှန်ထိုးပေးလေ့ရှိသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေတွင် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးသည့် အလေ့အကျင့်ကြောင့် မြေဆီလွှာတိုက်စားခြင်းနှင့် မြေဆီဩဇာ လျော့နည်းလာပြီး အန္တရာယ်ရှိမှုမြင့်သည်။ လူအသုံးဝင်သော အပင်မျိုးစိတ်များ (ဝါး၊ သစ်၊ ဆေးဖက် ဝင် အပင်များ၊ သစ်ခွများ စသည်) မှာလည်း စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့် ထိန်းသိမ်းမှု အားနည်း ခြင်းတို့ကြောင့် ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ရာသီဥတုဖေါက်ပြန်ခြင်းနှင့် ဓါတုဆေးဝါးများကို စနစ်တကျ သုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့် ရောဂါကာကွယ်ထိန်းချုပ်မှု တွင်လည်း အန္တရာယ်ရှိမှု မြင့်သည်။ သစ်တောပြုန်းတီးမှုကြောင့် ရေထွက်နှင့် ရေအရင်းအမြစ်များ ခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များ အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ ဘက်ထရီဖြင့် ရှာ့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူး ခွံများကို လယ်များ၊ ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ငါးမျိုးကွဲများ ပြုန်းတီးလာကြပြီး အန္တရာယ် ရှိမှုမြင့်သည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် အခြားတောရိုင်း တိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။ ဂျီ၊ တောဝက်၊ တောကြောင် အနည်းငယ် သာရှိပြီး ရှားပါးလာသည်။ မိုးရာသီတွင် မိုးရက်ဆက်ရွာသွန်းလျှင် စပါးခင်းများ ရေနှစ်မြှပ်ခံရသောကြောင့် အချို့တောင်သူ များ၏ စပါးခင်းများ ရေနစ်ပျက်စီး၍ နောက်တကြိမ်ပြန်လည်စိုက်ပျိုးရခြင်းများကြုံ တွေ့ ကြရသည်။ ရေကြီးသည့် နှစ်များတွင် လယ်များ ပျက်စီးပြီး အချို့တောင်သူများ လယ်မဲ့များဖြစ်နေသည်ကို တွေ့ရှိရပါသည်။ လယ်မဲ့ဖြစ်သွားသည့် တောင်သူများကို နိုင်ငံတော်မှထောက်ပံ့ရေးအစီအမံများ ဆောင်ရွက်ပေးသင့်ကြောင်း တွေ့ရှိရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျား/မ ဆိုင်ရာအခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများ က ဦးဆောင်လေ့ရှိသည်။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ လူထုမှ ရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှုအားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ထုတ်ကုန်လုပ်ငန်းများတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ကျွမ်းကျင်မှုကို အခြေခံသော ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီး လုပ်အားခ တန်းတူမရကြပါ။ ၄င်းလုပ်ငန်းများအနက် ဆောက်လုပ်ရေးလုပ်ငန်းသည် လုပ်အားခ ဝင်ငွေ အများဆုံးဖြစ်ပြီး အမျိုးသား တစ်ရက်လုပ်အားခ ၇၀၀၀ ကျပ်အထိနှင့် အမျိုးသမီးများ တစ်ရက် လုပ်အားခ ၆၀၀၀ ကျပ်အထိရကြသည်။ ကျေးရွာတွင် ကျား/မ လုပ်အားခ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်း တူ ရသည်ဟု ဆိုနိုင်ပါသည်။

(က) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး
စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးရမည်။

စဉ်	စီမံချက်အမည်	အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁	ကျေးရွာခန်းမဆောင် ဆောက် လုပ်ခြင်း	၁	-				
၂	ကျေးရွာမီးလင်းရေးလုပ်ငန်း	၂			-		
၃	ပညာရေးမြှင့်တင်ခြင်း	၃				-	
၄	စိုက်ပျိုးရေးရရှိရေး၊ သီးနှံအထွက် တိုး၊စိုက်ပျိုးရေး နည်းပညာအားနည်း	၄					-
၅	ကျန်းမာရေး အခြေခံအဆောက်အဦး ဆောက်လုပ် ခြင်းနှင့်ကျန်းမာရေးနည်းပညာ မြှင့်တင်ခြင်း	၅					
၆	အသက်မွေးဝမ်းကျောင်းလုပ်ငန်း များတိုးမြှင့်ခြင်း နှင့်နည်းပညာ သင်တန်းများအားနည်းခြင်း	၆					
၇	လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ အားနည်းခြင်း	၇					

ဦးစားပေးစီမံချက်

ကဏ္ဍ/ကဏ္ဍခွဲ	စီမံချက်	ရမှတ်ပေါင်း	ဦးစားပေးအဆင့်	ဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦးများ					
	၁။ကျေးရွာခန်းမဆောင် ဆောက် လုပ်ခြင်း	၁၀၀	၁	-ကျေးရွာပိုင်ခန်းမဆောင်ဆောက်လုပ်ခြင်း	ကျေးလက်ဦးစီးဌာန
မီးလင်းရေးကဏ္ဍ					
	၂။ကျေးရွာမီးလင်းရေးလုပ်ငန်း	၉၈	၂	-ရွာတွင်းမီးလင်းရေးလုပ်ငန်း(ဆိုလာ)	ကျေးလက်ဦးစီးဌာန
ပညာရေးကဏ္ဍ					
	၃။ပညာရေးမြင့်တင်ခြင်း	၉၅	၃	-ကျောင်းယင်လုံအိမ်သာဆောက်လုပ်ခြင်း -ကျောင်းဆရာမနေအိမ်ဆောက်လုပ်ခြင်း -ပညာရေးသင်ထောက်ကူပစ္စည်းထောက်ပံ့ခြင်း -ပရိဘောဂပစ္စည်းဖြည့်စွက်ပေးခြင်း	ပညာရေးကျေးလက်ဦးစီးဌာန
စိုက်ပျိုးရေးကဏ္ဍ					
	၄။စိုက်ပျိုးရေးရှိရေး၊သီးနှံအထွက်တိုး၊စိုက်ပျိုးရေးနည်းပညာအားနည်း	၉၂	၄	-စိုက်ပျိုးရေးဆည်မြောင်းပြုလုပ်ခြင်း -မျိုးကောင်းမျိုးသန့်ထောက်ပံ့ခြင်း -လယ်ယာသုံးစက်များအရစ်ကျရောင်းချခြင်း -သဘာဝမြေဩဇာပြုလုပ်နည်း -ကိုင်းကူးကိုင်းဆက်သင်တန်း -တောင်သူစိုက်ပျိုးနည်းသင်တန်း	စိုက် ပျိုးရေး/ဆည်မြောင်းဦးစီးဌာန

ကျန်းမာရေးကဏ္ဍ					
	၅။ကျန်းမာရေးအခြေခံအဆောက်အဦး ဆောက်လုပ်ခြင်းနှင့်ကျန်းမာရေးနည်းပညာ မြှင့်တင်ခြင်း	၈၀	၅	-ဆေးပေးခန်းဆောက်လုပ်ခြင်း -အရံသားဖွားသင်တန်း -ကျန်းမာရေးသင်တန်း -ဆေးဆရာမခန့်အပ်ပေးခြင်း	ကျန်းမာရေး ဦးစီးဌာန
စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောဝင်ငွေရကဏ္ဍ					
	၆။အသက်မွေးဝမ်းကျောင်းလုပ်ငန်း များတိုးမြင့်ခြင်းနှင့်နည်းပညာ သင်တန်းများအားနည်းခြင်း	၈၀	၆	-စက်ချုပ်/အလှပြင်ပစ္စည်းများထူထောင်ပေးခြင်း -မုန့်မျိုးစုံသင်တန်း -စက်ပြင်သင်တန်း -ဆံပင်ညှပ်၊အလှပြင်သင်တန်း -ဖုန်းပြုပြင်သင်တန်း -သစ်ဝါးကြိမ်ကုန်ချောလုပ်ငန်း	ကျေးလက် ဦးစီးဌာန
လူငယ်ကဏ္ဍ					
	၇။လူငယ်ဖွံ့ဖြိုးရေးသင်တန်းများ အားနည်းခြင်း	၇၈	၇	-အင်္ဂလိပ်စာသင်တန်း -ကွန်ပျူတာသင်တန်း -မူးယစ်ဆေးအသိပညာပေးသင်တန်း -နှစ်စဉ်စာပေဟောပြောပွဲများကျင်းပရေး -အားကစားပွဲများကျင်းပရေး	ကျေးလက် ဦးစီးဌာန

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့် အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၁။ ကဏ္ဍ– လမ်းတံတားနှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း					
–အစည်းအဝေး ကျင်းပရန် နေရာခက်ခဲခြင်း		–လုပ်အားဖြင့်ပါဝင်နိုင်ခြင်း	–ငွေကြေးအခက်အခဲ နည်းပညာအခက်အခဲရှိခြင်း	–သက်ဆိုင်ရာကျေးလက်ဌာနမှဆောင်ရွက်ပေးရန်	**–ကျေးရွာပိုင်ခန်းမ ဆောင်ဆောက်လုပ်ခြင်း**
၂။ ကဏ္ဍ – ကျေးရွာမီးလင်းရေး					
–ကျောင်း နေကလေးများမီး မရရှိမှုကြောင့် စာဖတ်ရန်အခက်ခဲရှိခြင်း –ဗဟုသုတအာ ား နည်းခြင်း	–လျှပ်စစ်မီးမရရှိခြင်း	–လျှပ်စစ်မီးဆောင်ရွက်ရန် အတွက် ရေချောင်းရေ အရင်းအမြစ်များစွာရှိခြင်း –လမ်းများကောင်းမွန်ခြင်း	–ရန်ပုံငွေအခက်အခဲရှိခြင် ်း –ချိတ်ဆက်မှုအားနည်း ခြင်း	–သက်ဆိုင်ရရာကျေးလက် ဌာန/လျှပ်စစ်စစ်ဦးစီးဌာန/ လွတ်တော်/ပုဂ္ဂလိက အဖွဲ့အစည်းများမှဆောင် ရွက်ပေးရန်	**–မဟာဓါတ်အားလိုင်း သွယ်တန်းခြင်း** **–ဆိုလာမီးလင်းရေး ဆောင်ရွက်ပေးခြင်း**
၃။ စိုက်ပျိုးရေးကဏ္ဍ					
–စိုက်ပျိုးရေး ပဟုသုတ၊စိုက်နည်းပညာ အားနည်း	–စိုက်ပျိုးရေး ပဟုသုတ၊စိုက်နည်းပည ာ အားနည်း	စိုက်ပျိုးမြေများစွာရှိ	–ချိတ်ဆက်မှုအားနည်း –နည်းပညာအခက်ခဲရှိ –ငွေကြေးအခက်ခဲရှိ – စိုက်ပျိုးရေအခက်အခဲရှိ	သက်ဆိုင်ရာစိုက်ပျိုးရေး ဦးစီးဌာနမှဆောင်ရွက် ခြင်း	–စိုက်ပျိုးရေးနည်း ပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေကောင်းများ	ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်းနည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
၄။ကဏ္ဍ– ကျန်းမာရေးကဏ္ဍ					
ဆေးကုသရန် နေရာမရှိခြင်း	ဆေးပေးခန်းအခက်ခဲ	ဆေးခန်းဆောက်လုပ်ရန် မြေနေရာရှိခြင်း လုပ်သားဖြင့်ပါဝင်နိုင်ခြင်း	–သက်ဆိုင်ရာဌာနနှင့် ချိတ်ဆက်မှုအားနည်းခြင်း –ငွေကြေးအခက်အခဲရှိခြင်း	သက်ဆိုင်ရာကျန်းမာရေးဌာနမှဆောင်ရွက်ပေးခြင်း	–ရွာတွင်းဆေးပေးခန်းဆောက်လုပ်ပေးခြင်း
၅။ ကဏ္ဍ– အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ ဖြိုးရေးစီမံကိန်း					
ကုန်ထုတ်လုပ်မှုနှင့် မိသားစုတစ်ဝိုင်းတစ်နိုင်ဝင်ငွေနည်းပါးခြင်း	အသက်မွေးဝမ်းကျောင်းနည်းပညာ ဖွံ့ ဖြိုးမှုအားနည်း သည်။	နည်းပညာသင်ယူရန် လူ့အရင်းအမြစ်ရှိခြင်း၊အသက်မွေးဝမ်းကျောင်းနည်းပညာ ပံ့ ပိုးပေးသော ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ ဒေသအတွင်း ရှိသည်။	သင်တန်းတက်ရောက်ရန် ကုန်ကျမှု ငွေကြေးမတတ် နိုင်ကြပါ။	ကျေးလက်ဦးစီးဌာနမှတဆင့် စိုက်ပျိုးရေးဌာနသို့ တင်ပြ အကူအညီတောင်းခံခြင်း	၁။ အလှပြင်သင် တန်း ၂။ စက်ချုပ်သင်တန်း ၃။ ကား စက်ပြင်သင်တန်း ၄။ ယိုထိုး/ဆပ်ပြာပြုလုပ်နည်းသင်တန်း ၅။ မုန့်ပြုလုပ်နည်းသင်တန်း

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၈	၁၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၂	၁၃	၂၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၈	၁၂	၃၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၉	၄၇	၉၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁	၂	၃
စုစုပေါင်း		**၈၉**	**၈၃**	**၁၇၂**
စုစုပေါင်း အိမ်ထောင်စု (၂၇)အိမ်		**တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၆.၃**		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဘဘော့ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၂၇ အိမ် ရှိပြီး လူဦးရေစုစုပေါင်း ၁၇၂ (ကျား ၈၉ + မ ၈၃) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၆.၃ ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ အတင့်အသင့်ရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင် နို့စို့အရွယ် ကလေးငယ်(၃)ဦးရှိသည်ကိုတွေ့ရသည်။ ၅ နှစ်အောက် ကလေး ၁၅ ဦး **(၁၁.၄%)** ရှိသည်ကို သိရှိခြင်းအားဖြင့် ကာကွယ်ဆေးထိုးရမည့် ကလေးငယ်အရေအတွက်ကို အတိအကျသိရှိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှု အခြေအနေကို အလွယ်တကူတွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၂၅ ဦး (ကျား- ၁၂+မ-၁၃) နှင့် အလယ်တန်းကျောင်းသားအရွယ် ၃၀ ဦး (ကျား-၁၈+မ-၁၂) သိခြင်းအားဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာသိရှိနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် ၁၁၀(ကျား ၆၀ + ၅၀) ၊ (၅၈.၅၁%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအသင့်အတင့်ရှိသည်ကိုတွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ကျွမ်းကျင်စွာတတ်မြောက်အောင် စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေး အတွက် များစွာ အထောက်အကူဖြစ်မည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၃ ဦး (ကျား-၁+မ-၂) ဦး (၁.၇%) ရှိခြင်းအားဖြင့် ကျေးရွာတွင် သက်ကြီးရွယ်အိုများ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေ
အားနည်း နေသည်ကိုတွေ့ရပါသည်။

(၂) သဘာဝရင်းအမြစ် နှင့် ရာသီဥတုအခြေအနေ

(၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၅	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☒	ညံ့☐
ဥယျာဉ်ခြံမြေ	၂၀	ကောင်း ☒	သင့် ☐	ညံ့☐
ကိုင်း/ကျွန်းမြေ	-		-	
ခနိတောမြေ	-		-	
စားကျက်မြေ	-		-	
မြေလွတ် မြေလပ်	-		-	
စုစုပေါင်း	**၉၁ ဧက**			

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ် ၄၅ ဧက၊ တောင်ယာ - ၀ ၊ ဥယျာဉ်ခြံမြေ ၂၀ ဧက ရှိပြီး စိုက်ပျိုးရေးအတွက် ချောင်းရေနှင့် မိုးရေကိုသာ အဓိကထားအသုံးပြုနေရပါသည်။ မြေဆီလွှာ အသင့်အတင့်ရှိသည်။ စိုက်ပျိုးမြေ ဧက အသင့်တင့်ရှိသည်ကို တွေ့ရပြီး မြေနေရာတူးဖော်ရန် ငွေကြေးမတတ်နိုင်ပါ။

(၂-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)**	**အသုံးချနိုင်မှု** (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ဓါတ်သတ္တု(ဆေးကျောက်မျက်၊ ကျောက်၊ သဲ၊ ကျောက်စရစ်) စသည်များ	သဲ၊ကျောက်စရစ်(များ)	လွယ်
အခြားသဘာဝအရင်းအမြစ်	သင့်	လွယ်
တိရစ္ဆာန်မျိုးစိတ်များ	**သင့်**	ခက်
သဘာဝ အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက်အသုံးဝင်သော)	သင့်	လွယ်

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးချနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ပျမ်းမျှအပူချိန်–	ပျမ်းမျှမိုးရေချိန်– ၁၈၈	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာသည် ချောင်းဘေးတွင်ရှိသောရွာဖြစ်သဖြင့် သဲ၊ ကျောက်များကို အလွယ်တကူရရှိနိုင်ပါသည်။ ရွာ၏ ပတ်ဝန်းကျင်တောတောင်များမှ တောကြက်ငှက်မျိုးစုံ၊တောဝက်၊ တောကြောင် နှင့် ဂျီများ ကိုလည်း ရံဖန်ရံခါ တွေ့မြင်ရရှိပါသည်။ အပင်မျိုးစိတ်များအနေဖြင့် လူနှင့် တိရိစ္ဆာန်တို့အတွက် အလွန်အသုံးဝင်သော ဆင်တုံးမန္ဓယ်ပင်၊ စသောအမျိုးအမည်မသိနိုင်သော ဆေးဖက်ဝင် အပင်အမျိုးအစားများစွာကိုလည်း ရရှိနိုင်သည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁။	အုပ်ချုပ်ရေး	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အသင့်အတင့်ရှိ
၂။	လူငယ်အဖွဲ့	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒လုံခြုံရေးနှင့်ကာကွယ်ရေး ☐	အဖွဲ့ဝင်(၁၅)နှင့်အထက်ရှိပြီး စွမ်းဆောင်ရည်အသင့်အတင့်ရှိ
၃။	ကျောင်းကော်မတီ	၁☐ ၂☐ ၃☒	ပညာရေး ☒ ငွေကြေး☒ ကျန်းမာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
			သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄။	RBC	၁☐ ၂ ☐ ၃☒	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့်ကာကွယ်ရေး ☒	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၅။	COC	၁☐ ၂☐ ၃☒	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် ကောင်းပါသည်။

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်။)	အဖွဲ့အစည်း၏ စွမ်းဆောင်ရည် အခြေအနေ(သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၆။	VDP ကော်မတီ	၁☐ ၂☒ ၃☐	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☒ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၇။	M.A.M	၁☐ ၂☒ ၃☐	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ
၈။	World Concert	၁☐ ၂☒ ၃☐	ပညာရေး ☐ ငွေကြေး☐ ကျန်းမာရေး ☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	အဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် အတင့်အသင့်ရှိ

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**
(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**
(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**
(၄) **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

(၄-၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	-	**၅၈က**	**၃က**	**၀က**
အိမ်အခြေအနေ	-	**သွပ်မိုး၊အုတ်၊ပျဉ် ကာအကောင်း**	သွပ်မိုး/ပျဉ်ကာ/ **သက်ကယ်/ဝါး ရွက်/ဒိန်းကော ရွက်ကာ**	
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	-	**ကုန်တင်းကား၊ကာ ဝန်စပါးကြိတ်စက် လက်တွန်းစက်** ဆိုင်ကယ်စီး	**လက်တွန်းစက်** ဆိုင်ကယ်စီး	-
အဓိကစီးပွားရေး လုပ်ငန်း	-	**အရောင်းအဝယ်/ ကုန်တင်**	**လယ်ယာ**(ကပ)	
အိမ်ထောင်စု (၁၅)	-	၂	၂၅	

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဘဘော့ကျေးရွာတွင် အိမ်ခြေ ၂၇ အိမ်ရှိပြီး အဆင့် ၁ (-) အိမ် (၀ %)၊ အဆင့် ၂ (၂)အိမ် (%)၊ အဆင့် ၃ (၂၅) အိမ် (၉၂.၈%)နှင့် အဆင့် ၄ (၀) အိမ် (%) ရှိ သည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု ၊ ထုတ်လုပ်မှုနှင့်ဆိုင်သော ပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင် သောပစ္စည်းများ ပိုင်ဆိုင်မှုသည် အိမ်အခြေအနေသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင်

အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၄ အိမ်အရေအတွက် မရှိပါ။ အဆင့် (၂) အလယ်အလတ်ရှိသောအိမ်ထောင်စု(၂)စု၊ အဆင့်(၃)မပြေလည်သောအိမ်ထောင်စု(၂၅)စုရှိပြီး စုစု ပေါင်း(၂၇) အိမ်ထောင်စုရှိပါသည်။ ထို့ကြောင့် အများစုဖြစ်သော အဆင့်(၃)အိမ်ထောင် စုများသည် တောထွက်ပြီး သား/ငါးရှာဖွေခြင်း ၊ဆေးဝါးဆေးမြစ်များရှာဖွေရောင်းဝယ်ခြင်းနှင့် ဆောက်လုပ်ရေး လုပ်ငန်းများသို့ ကျပမ်း သွားရောက် လုပ်ကိုင်ကြရသည်။ ပုံမှန် အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း မိသားစုစားဝတ်နေရေးအတွက်မလုံလောက်သောကြောင့် ပြင်ပ (ပြည်တွင်း /ပြည်ပ) သို့ရွှေ့ပြောင်းသွား လာ လုပ်ကိုင်စားသောက်ကြရသည်။

(၄-၂) သီးနှံထုတ်လုပ်ရေး

(၄-၂) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၆) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့		မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၂၅	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	–	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	–	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		**၂၈**	

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် တောင်သူငယ် ၂ အိမ်၊ ဆင်းရဲသားတောင်သူ ၂၅ အိမ်၊ စုစုပေါင်း ၂၇ အိမ်ရှိသည်။ ဆင်းရဲသားတောင်သူ နှင့် တောင်သူငယ်အိမ်ထောင်စုများအရေအတွက် အားဖြင့် မြေယာပိုင်ဆိုင်မှု အတင့်သင့် ညီမျှမှုရှိကြောင်းတွေ့ရသည်။

(၄-၂-၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		

သီးနှံ	စုစု ပေါင်း စိုက် ကေ	တစ်ကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
စပါး	၅၆	တင်း	၃၅	၆၀	၄၀	ဇူလိုင် လ	နိဝင်ဘာ	မဉ္ဇီ လတ် နိမ့်	မဉ္ဇီ လတ် နိမ့်

ရင်းမြစ် .... ဦးတည်အုပ်စု ဆွေးနွေးခြင်း –လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ကျေးရွာ၏ အဓိစိုက်ပျိုးသီးနှံများမှ စပါးတို့ဖြစ်ပါသည်။ စပါးစိုက်ကေပေါင်း (၄၅)ကေရှိပြီး ဇူလိုင်လတွင် စတင်စိုက်ပျိုးကြပြီး နိဝင်ဘာလတွင်ရိတ်သိမ်းကြသည်။ အနည်းဆုံး စပါးစိုက်အထွက်နှုန်းမှာ ကေ တင်း ၃၅ မှ အများဆုံး ၆၀ နှင့် ပျမ်းမျှ ၄၅ တင်းနှုန်းထွက်သည်။ သွင်းအားစု လိုအပ်ချက်မှ အသင့်တင့်ဖြစ်ပြီး အမြတ်ရရှိမှု နိမ့်သည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	**မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု**	**ကောင်ရေ**
မွေးမြူရေး		
နွား	၆	၉
နို့စားနွား	-	
ကျွဲ	၂၁	၃၈
မြင်း		
မြည်း	-	
လား	-	
ဆိတ်	၃	၁၀
သိုး	-	
ဝက်	၂၅	၂၅
ကြက်	၂၇	၃၉၆
ဘဲ	၁၄	၃၆
နွားနောက်		
ငါးလုပ်ငန်း		
ငါးကန်	-	

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
ပုဇွန်ကန်	-	
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	
ရေချို ငါးဖမ်းလုပ်ငန်း	၂၇	-
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ နွားကို ၆ အိမ်မှ ၉ ကောင်၊ ကျွဲကို ၂၁ အိမ်မှ ၃၈ ကောင်၊ ဝက်ကို ၂၅ အိမ်မှ ၂၅ ကောင်၊ ကြက်ကို ၂၇ အိမ်မှ ၃၉၆ ကောင် ၊ ဘဲ ၁၄ အိမ်မှ ၃၆ ကောင် မွေးမြူကြသည်။ ကျွဲ၊ နွား၊ဝက် များကို လယ်၊ ယာ၊ မြေထွန်ယက်စိုက်ပျိုးရန် နှင့်ဘာသာရေးပွဲလမ်းသဘင်များ၊ မင်္ဂလာဆောင်ပွဲလမ်း သဘင်များတွင် အသုံးပြုကြသည်။ ကျေးရွာတွင် ရေလုပ်ငန်းနှင့် ပတ်သက်၍မဆောင်ရွက်ကြပါ။ ကျေးရွာဘေး ချောင်းတွင် အိမ်တိုင်းလိုလို မိသားစုစားဝတ်နေရေး အတွက် ငါးများဖမ်းကြသည်။

(၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ(ကုန်ထုတ်လုပ်ငန်းနှင့်ဝန်ဆောင်မှု)	လုပ်ငန်း အရေ အတွက်	ဝန်ထမ်း/ အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရုပ်တည်နိုင်မှု(နှိမ့်၊ လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ဓါတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	-		-	
၅	ယဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူ)	-	-	-	-
၇	လက်လီ-လက်ကားရောင်းဝယ်ရေး	-	၂	၃	လတ်
၈	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေးဝန်ဆောင်မှုလုပ်ငန်း(ဘဏ်၊ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှုလုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြင်း	-	-	-	-

၁၂	ပညာရေး	-	၁	-	လတ်
၁၃	ကျန်းမာရေး	-	၁	-	လတ်
၁၄	လူမှုရေးလုပ်ငန်းများ	-	-	-	-
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)	-	-	-	-

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆောက်လုပ်ရေး၊လက်သမား နှင့် ပန်းရံလုပ်ငန်းလုပ်ကိုင်သူဦးရေမှာ(၂)ဦးနှင့် ပညာရေး ဝန်ထမ်း(၁)၊ ကျန်းမာရေးဝန်ထမ်း(၁)ဦး၊ (၂)အိမ်မှ အိမ်ဆိုင်အရောင်းအဝယ်လုပ်ငန်းများလုပ်ဆောင်ပြီး ရပ်တည်မှု အသင့်အတင့် ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	နောင်မွန်မြို့	ပူတာအိုမြို့
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☒	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☒ ၁၀၀မိုင်အထက် ☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်စက်ဘီး☐ ဆိုင်ကယ် ☒ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် ☒ လှေ ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☒ ကား/ထော်လာကျီ ☒ ရထား ☐ သုံးဘီးဆိုင်ကယ် လှေ ☐ စက်လှေ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ နှင့်အနီးဆုံးစျေးမှာ နောင်မွန်မြို့စျေးဖြစ်ပြီး (၁၅)မိုင် အထက် ကွာဝေးပါသည်။ ရောင်းချမည့်ကုန်စည်များကို ပို့ဆောင်ရာတွင် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲမှု၊ လမ်းမကောင်းမှုကြောင့် ကုန်စည်တန်ဆာခများ များစွာပေးရပါသည်။ ထို့ကြောင့်စျေးကွက်သို့ ချောမွေ့စွာသွားလာနိုင်ရန် လမ်းကောင်းမွန်ရန်နှင့် ကျေးရွာနှင့်နီးသော စျေးကွက်များဖော်ထုတ် ပေးရန်လိုအပ်ကြောင်းတွေ့ရှိ ရပါသည်။

အကြီးစားစျေးမှာ ပူတာအိုမြို့တွင် တည်ရှိပြီးကားများကို စင်းလုံးငှါးပြီး သွားလာကြ ရသော

သောကြောင့် ကုန်ကျစရိတ်များသည်။ အကယ်၍အများပြည်သူသွားလာရန် ဘတ်စ်ကားလိုင်း ပြေးဆွဲပေးနိုင်ပါကသယ်ယူစရိတ်သက်သာလာမည်ဖြစ်သည်။ ပူတာအိုစျေးတွင် ကုန်မျိုးစုံ လိုသလောက် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

(၅-၂) ကျေးရွာ၏ လမ်းပမ်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☒	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒	၀-၁ မိုင် ☐ ၁-၅ မိုင် ☒ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ချဉ်းကပ်လမ်း	၁☒ ၂☐ ၃☐ ၄☐ ၅☐	ကောင်း ☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ် ☐ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☒ တစ်နှစ်ပတ်လုံး☐	၀-၁ မိုင် ☒ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☐ ၁၀မိုင်အထက်☐
ရွာချင်းဆက်လမ်း	၁☐ ၂☒ ၃☐ ၄☐ ၅☐	ကောင်း☐ သင့် ☒ ညံ့ ☐	၆လမှ ၁နှစ် ☐ ၂နှစ်မှ ၅နှစ်☒ ၅နှစ် အထက်☐	ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☒	၀-၁ မိုင် ☐ ၁-၅ မိုင် ☐ ၅-၁၀ မိုင် ☒

လမ်း အမျိုးအစား	အမျိုး အစား	အရည်အသွေး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
					၁၀မိုင်အထက်☐

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ပါသည်။ နွေနှင့်ဆောင်းတွင် သွားလာရန် အဆင်ပြေသော်လည်း မိုးတွင်းအခါတွင် ရွှံ့ဗွက်လမ်းအသွင်းပြောင်းပြီး အလွန်သွားလာ
ရခက်ခဲပါသည်။ ရွာတွင်းလမ်းအရှည်မှာ ၂ မိုင်ခန့်ရှိပါသည်။ ရွာချင်းဆက်လမ်းမှာ သဲကျောက်ခင်းလမ်းဖြစ်ပြီး နေရာတော်တော်များများတွင် ချိုင့်များဖြစ်ပြီးသွားလာရအဆင်မပြေပါ။

(၅.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ အသုံးမပြုပါ အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐ ၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၅၀ မိုင် ☐	၁ ☐ ၂ ☐ ၃ ☐	ပွင့်လင်းရာသီ ☐ တစ်နှစ်ပတ်လုံး ☐

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (မိုင်)	ယာဉ်အမျိုးအစား	ရာသီအလိုက် သုံးစွဲနိုင်မှု
	၅၀မိုင် အထက် ☐ အသုံးမပြုပါ ☑		

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ - လှေ၊ သမ္ဘာန်၊ ၂ - စက်လှေ၊ ၃ - သဘော်ဘ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြစ်ကြောင်းနှင့် ပင်လယ်ရေကြောင်းအသုံးမပြုပါ။

(၅-၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	-	-	၅	၂၅		-	၁	-	

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် မော်တော်ဆိုင်ကယ် ၂၅ စီး၊ ကား ၁ စီး၊ စက်ဘီး ၁ စီး ရှိသည်။ သယ်ယူပို့ဆောင်ရေးတွင်ယာဉ်လုံလောက်မှု ရှိသော်လည်းသွားလာရန် လိုအပ်ပါက စင်းလုံးငှါးသွားလာနေရသောကြောင့် ကုန်ကျစရိတ်များသည်။ အချိန်မရွေးအရေးပေါ်သွားလာရန် လိုအပ်ပါက အခက်အခဲရှိသည်။ ၄င်းအပြင်အချို့လူများ အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် သုံးဘီးဆိုင်ကယ်ထူထောင်လိုသော်လည်း အရင်းအနှီး မရှိသော ကြောင့် ထူထောင်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် အများပြည်သူသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးပါရန်နှင့် သုံးဘီး ဆိုင်ကယ်ထူထောင်ပေးပါရန် တင်ပြအပ်ပါသည်။

(၅-၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၂၇
အသေးစားရေအားလျှပ်စစ်	
ဒီဇယ်သုံးအင်ဂျင်	-
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော	-

ရင်းမြစ်	အိမ်ထောင်စု
လျှပ်စစ်မာတ်အားပေးစနစ်	
လျှပ်စစ်မီး အသုံးမပြုနိုင်သော	–

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အသေးစား ဆိုလာလျှပ်စစ်မီသုံးစွဲ သူ အိမ်ထောင်စု ၂၇ အိမ်ထောင်စု ရှိပြီး ရာသီဥတု မကောင်းပါက အားမပြည့်ပါ။ စာကြည့်မီးအတွက်သာ သုံးရပြီး ကျန်အိမ်သုံးလျှပ်စစ် ပစ္စည်းများ အသုံးပြုမရနိုင်သောကြောင့် အခက် အခဲ များရှိသည်။

(၅-ဖ) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ**

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၈	၈	၅

ရင်းမြစ်... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် CDMA,MPT တယ်လီဖုန်းအရေအတွက် ၁၈ လုံးရှိသော်လည်း ဖုန်းလိုင်းများ မမိပါ။ တယ်လီဖုန်းကို အိမ်တိုင်းလိုလို အသုံးပြုနိုင်သော်လည်း အင်တာနက်လိုင်း အသုံးပြုနိုင်ခြင်းမရှိ ဖေ့စ်ဘုတ်နှင့် ဗိုက်ဗာကဲ့သို့ လူမှုကွန်ယက် များ အသုံးပြုနိုင်ခြင်းမရှိ အရေးကြီးသည့် သတင်း၊ နိုင်ငံရေး၊ စီးပွားရေး နှင့် အခြားလေ့လာစရာများကို အကျိုးရှိစွာ အသုံးပြုနိုင်ခြင်း မရှိကြသေးပါ။ သတင်းအချက် အလက်များကြည့်ရှုရန် ရေဒီယို၊တီဗွီ စလောင်းများ ဝယ်ယူရန် ငွေကြေး မတတ်နိုင်ပါ။

(၆)ပညာရေး

(၆-၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၂၄	၁၉	၃၃
အလယ်တန်း	၁၄	၁၃	၂၇
အထက်တန်း		၅	၅
တက္ကသိုလ်/ကောလိပ်			

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ **၄င်းအပြင် "ဘုန်းကြီးကျောင်းသင်ပညာရေး" ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းတက်ရောက်သူ ၃၃ ဦး၊ အလယ်တန်းကျောင်းတက်ရောက်သူ ၂၇ ဦး၊ အထက်တန်းကျောင်းတက်ရောက်သူ ၅ ဦးရှိပြီး တက္ကသိုလ်/ကောလိပ် တက်ရောက်နေသူ ၀ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့် ကျေးရွာ၏ ပညာရေး အခြေအနေမှာ နိမ့်ကျကြောင်းတွေ့ရသည်။

(၆–၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☒ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☒ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐

အကြောင်းအရာ	(၁)			(၂)			(၃)		
ဂ။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် ☒ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐			ခြေလျင် ☐ စက်ဘီး ☐ ဆိုင်ကယ် ☐ ကား ☐		
ဃ။ စာသင်ကျောင်း၏ စုစုပေါင်း ကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၆၀'×၃၀'×၁၂'								
င။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း☐ သင့်☒ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐			ကောင်း☐ သင့်☐ ညံ့☐		
စ။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☒			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐			လုံလောက်မှုရှိသည်☐ မလုံလောက်ပါ ☐		
ဆ။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း ☐ သင့် ☒ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐			ကောင်း ☐ သင့် ☐ ညံ့ ☐ မရှိ ☐		
ဈ။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်☒ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐			တိုက်ကျွေးမှုရှိသည်☐ တိုက်ကျွေးမှု မရှိပါ ☐		
ဇ။ ကျောင်းဆရာ/မ ဦးရေ	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**	**ကျား**	**မ**	**ပေါင်း**
အစိုးရခန့်	၃	၄	၇	-	-	-	-	-	-
ကျေးရွာခန့်	-	-	-	-	-	-	-	-	-

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

လေ့လာတွေ့ရှိချက်။ ။ စာသင်ကျောင်းဆောင်အခြေအနေမှာ သွပ်မိုး ပျဉ်ထောင်ပျဉ်ခင်း (၁)ထပ် ဆောင်ဖြစ်ပါသည်။ စာသင်ကျောင်းမှာ ကျေးရွာအတွင်းတွင်ရှိ၍ ကျောင်း သား/သူများ ခြေလျင် တက်ရောက်ကြပါသည်။ ကျောင်းသုံးစားပွဲ၊ ကုလားထိုင်များ လုံလောက်မှု မရှိသေးသဖြင့် ရပ်ရွာ ကျောင်း ကော်မတီများ ၊ မိဘဆရာအသင်းများ မှ ကူညီပံ့ပိုးပေးမှုများ လည်းတွေ့ရပါသည်။ ယခု ပညာသင်နှစ်တွင် ဆရာ(၃)ဦးနှင့် ဆရာမ(၄)ဦးရှိကြောင်းတွေ့ရသည်။

(၇) ကျန်းမာရေး

(၇-၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	*ရောဂါ*	*ပျံ့နှံ့မှု/ဖြစ်ပွားမှု*		
၁	ဝမ်းပျက်ဝမ်းလျှောခြင်း	*မြင့်*☐	*နိမ့်*☒	*မရှိ*☐
၂	သွေးလွန်တုပ်ကွေး	*မြင့်*☐	*နိမ့်*☐	*မရှိ*☒
၃	ငှက်ဖျား	*မြင့်*☐	*နိမ့်*☒	*မရှိ*☐
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	*မြင့်*☐	*နိမ့်*☐	*မရှိ*☒
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	*မြင့်*☐	*နိမ့်*☐	*မရှိ*☒
၆	တီဘီ	*မြင့်*☐	*နိမ့်*☒	*မရှိ*☐

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၇	ဆီးချို	မြင့်☐	နိမ့်☒	မရှိ☐
၈	သွေးတိုး	မြင့်☐	နိမ့်☒	မရှိ☐
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်☐	နိမ့်☒	မရှိ☐
၁၀	အာဟာရ ချို့တဲ့မှု	မြင့်☐	နိမ့်☒	မရှိ☐
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်☐	နိမ့်☒	မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွါးမှု နိမ့်သည်။ ငှက်ဖျားရှိသော်လည်း ဖြစ်ပွါးမှု နိမ့်သည်။ အသက်ရှူလမ်းကြောင်း ကူး စက်ရောဂါနှင့် လိင်မှတဆင့် ကူးစက်နိုင်သော ရောဂါ၊ တီဘီရောဂါနှင့် အဟာရ ချို့တဲ့မှုရောဂါများ ဖြစ် ပွါးမှု နိမ့်သည်။ ကျေးရွာတွင် အခြားကူးစက်နိုင်သော ရောဂါများမရှိပါ။ ကျန်းမာရေးဗဟု သုတလည်း အား နည်းသည်။ ထို့ကြောင့် ကျေးရွာ ကျန်းမာရေးအနေဖြင့် ကျန်းမာရေး ပညာပေးသင်တန်း၊ ကျန်းမာရေး လေ့ကျင့်ခန်းသုံး ကရိယာများ လိုအပ်လျက်ရှိသည်။

(၇-၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်)	ရှိ	မရှိ
၁	အဆုတ်ရောဂါ		
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ		
၃	ပိုလီယိုရောဂါ	✓	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	✓	
၅	ဝက်သက်ရောဂါ	✓	
၆	အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု**	✓	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကာကွယ်ဆေးများကို ထိုးပေးလေ့ရှိပြီး ပြည့်စုံမှုမရှိပါ။

(၇-၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☐ မရှိ ☒
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☐ မရှိ ☒
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☒	ရှိ ☒ မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျေးလက်ဆေးခန်းမရှိပါ။ အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် အရံသားဖွား တက်ရောက်ပြီး သူရှိသည်။ တိုက်နယ်ဆေးရုံမရှိ၊ မြို့နယ်ဆေးရုံမှာ နောင်မွန်မြို့တွင်တည်ရှိပြီး ၁၀ မိုင်ကျော်အထက် ကွာဝေးသည်။ အရေးပေါ်သွားလာရန် ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအခက်အခဲရှိသည်။ ထို့ကြောင့် **အရေးပေါ်လူနာတင်ယာဉ်** လိုအပ်ပါသည်။

(၇-၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇-၄-၁) **သောက်သုံးရေ ရရှိမှု**

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	သောက်သုံးရေ အရည်အသွေး စမ်းသပ် စစ်ဆေးထားမှု (စနစ်တကျ စမ်းသပ် စစ်ဆေး ထားမှု ရှိပါက "ရှိ"၊ မရှိပါက "မရှိ")	ရေ အရည်အသွေး (သောက်သုံးရေ အရည် အသွေး စမ်းသပ်စစ်ဆေး ထားမှုတွင် "ရှိ" ဟု ဖြေဆို ထားပါက ဖြေဆိုရန်။ "မရှိ" ဟု ဖြေဆိုထား ပါက ဖြေရန်မလို)	သောက်သုံးရေ ရရှိ နိုင်မှုနှင့် လုံလောက် မှု အခြေအနေ (ရာသီမရွေး ရပါက နွေ၊ မိုးနှင့် ဆောင်း ရာသီသုံးမျိုးလုံးကို ရွေးပေးပါရန်)
ရေတွင်း	–	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
အဝီစိတွင်း/ စက်တပ်	–	ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
အဝီစိတွင်း/ တုံကင်	–	ရှိ☐ မရှိ☐	ကောင်း☐ သင့်☑ ညံ့☐	နွေ ☑ မိုး ☑ ဆောင်း ☑
မိုးရေ သိုလှောင် ကန်	–	ရှိ☐ မရှိ☐	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
မြစ်/ ချောင်းရေ	–	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☑
ရေကန်	–	ရှိ☐ မရှိ☑	ကောင်း☐ သင့်☐ ညံ့☐	နွေ ☐ မိုး ☐ ဆောင်း ☐
စိမ့်စမ်းရေ	၂၈	ရှိ ☐ မရှိ☒	ကောင်း☐ သင့်☒ ညံ့☐	နွေ ☒ မိုး ☒ ဆောင်း ☒

ရင်းမြစ်...(၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက် ။ ။ ကျေးရွာတွင် ရေအရည်အသွေး ကောင်း/မကောင်း မသိကြပါ။ ထို့ကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်သည်။ ကျေးရွာတွင် စိမ့်စမ်းရေသွယ်ကို တစ်ရွာလုံးနီးပါး အသုံးပြုကြပြီး ချောင်းရေကိုလည်း သောက်သုံးလျက် ရှိကြသည်။

(၇-၄-၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
ရေဆွဲ အိမ်သာ	–
ရေလောင်း/ယင်လုံအိမ်သာ	၂၇
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
~~အွင်း/ဇလား အိမ်သာ~~/တွင်းရှိအိမ်သာ	
တွင်းမရှိ အိမ်သာ	–
အိမ်သာမရှိ	–

ရင်းမြစ်... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ကျေးရွာတွင် ၂၇အိမ်ရှိသည့်အနက်ရေလောင်း/ယင်လုံအိမ်သာကိုသာ သုံးစွဲကြသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှု အခြေအနေများ

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☒	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မီးဘေး	မြင့် ☐	လတ်☒	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ကျေးရွာ၏ ၉၅%မှာစားနပ်ရိက္ခာဖူလုံ၍ ကျန် ၅% မှာစားနပ်ရိက္ခာဖူလုံမှုမရှိပေ။ သဘာဝဘေးအန္တရာယ် များမှာ ရေကြီးခြင်းလေပြင်းတိုက်ခိုက်ခြင်းများ အနည်းအကျင်းရှိပါသည်။ မိုးတွင်းကာလတွင် မိုးရွာသွန်းမှုကြောင့် တောင်ပြိုမှုများကြောင့် လမ်းများမကြာခဏပိတ်မှုများရှိပါသည်။ သစ်စက်တည်ထောင်ပြီး ချိန်းစောများဖြင့် စည်းကမ်းမဲ့စွာ သစ်ခုတ်၊ထင်းခုတ်မှု များကြောင့် သစ်တော်ပြုန်းတီးမှုများရှိပါသည်။

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု		
မြေဆီဩဇာ အခြေအနေ	မြင့်☐	လတ် ☒	နိမ့်☐
အပင်မျိုးစိတ်များ	မြင့်☐	လတ်☒	နိမ့်☐
ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု	မြင့်☐	လတ် ☒	နိမ့်☐
ရေအရင်းအမြစ်	မြင့်☐	လတ်☒	နိမ့်☐
ငါးမျိုးကွဲများ	မြင့်☒	လတ်☐	နိမ့်☐
အခြားတိရစ္ဆာန်မျိုးကွဲများ	မြင့်☐	လတ်☒	နိမ့်☐
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	မြင့်☐	လတ်☐	နိမ့်☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီဩဇာ အခြေအနေမှာ အသင့်အတင့်ရှိသည်။ အပင်မျိုးစိတ်များမှာ ဆင်တုံးမနွယ် အမျိုးအမည်မသိအပင်များစွာရှိသည်။ ရေအရင်းအမြစ်မှာ လယ်ယာလုပ်ငန်းအတွက် ချောင်းရေကိုသာ အဓိကထား အသုံးပြုကြပါသည်။ ငါးရံ့၊ငါးခူ၊ရေခဲငါး၊ငါးဝိုင်း စသောငါးမျိုးစိတ်များကိုလည်း ရွာ၏ပတ်ဝန်းကျင် တောချောင်းများမှ ရေငုပ်မှန်၊ငါးပိုက်၊လျှော့သိုက်ခြင်းဖြင့် အလွယ်တကူဖမ်းယူရရှိနိုင်သည်။

(၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐	မရှိ ☒
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ☒	မရှိ ☐
၃	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	ရှိ ☐	မရှိ ☒
၄	လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ	ရှိ ☐	မရှိ ☒

ရင်းမြစ် (၁) **အဖွဲ့အစည်းများစာရင်း၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်မှု ခေါင်းဆောင်မှု မရှိသေးပါ။ ကျေးရွာမှ ရွေးချယ်တင်မြောက်လာပါက လုပ်ဆောင်နိုင်ရန် အသင့်ဖြစ် ကြောင်းလည်းတွေ့ရှိရပြီး အချို့သောအမျိုးသမီးများ ရွေးချယ်လာပါက လုပ်ဆောင်ရန် ယုံကြည်မှု မရှိကြကြောင်းတွေ့ရှိရပါသည်။ လူထုမှရွေးချယ်တင်မြောက်ကြသော်လည်း အမျိုးသမီးများ မိမိကိုယ်မိမိ ယုံကြည်မှု အားနည်းနေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ စွမ်းဆောင်ရည် အမြင့်ဖွင့် သင်တန်းများ၊ အမျိုးသမီးဆိုင်ရာ လက်မှုပညာတတ်မြောက်ရေးသင်တန်းများ ဖွင့်လှစ်ပေးသင့်ကြောင်း တွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်ကြသော် လည်း အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများတက်ရောက်ရန်လိုအပ်ပါသည်။

ဘဘော့ကျေးရွာ
ကျေးဇူးတင်ပါသည်။